

# မန္တလေးမိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာဆရာတော် အရှင်ပညာစက္က၏ အတ္ထုပ္ပတ္တိအကျဉ်း

**မီးရှူးသန့်စင်ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း မိုးကုတ်မြို့ ပတ္တမြားရပ်ကွက်နေ ခမည်းတော် ဦးမောင်+မယ်တော် ဒေါ်အုံးမြတို့မှ (၁၃၂၈)ခုနှစ် တပေါင်းလဆန်း(၁၁)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူပါသည်။ မွေးချင်း(၁၈)ယောက်အနက် (၆) ယောက်မြောက် သားရတနာဖြစ်ပါသည်။ ငယ်မည်မှာ မောင်ပညာဖြစ်ပါသည်။

**ရှင်သာမဏေဝတ်ခြင်း**

မိုးကုတ်မြို၊ ပတ္တမြားရပ်၊ ရေကန်တောင်ကျောင်းဆရာတော် ဦးကုမာရထံ၌ မိဘနှစ်ပါးမှ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ဘွဲ့တော်မှာ ရှင်ပညာစက္က ဖြစ်ပါသည်။

**ပညာသင်ကြားခြင်း**

မူ၊ငယ်၊လတ်၊ကြီး၊ဓမ္မာစရိယစသော စာဝါများကို မန္တလေး နန္ဒီသေနာရာမကျောင်းတိုက် ဆရာတော် ဦးတိလောက၊ ရွှေရေးဆောင်ဆရာတော် ဦးဝဇီရဗုဒ္ဓိ၊ ဦးသူရိယာဘိဝံသ စသော ဆရာတော်များထံ၌ သင်ရိုးကုန် ကျမ်းကြီးပေါက်သင်ကြားခဲ့ပါသည်။

**ရဟန်းဖြစ်ရာနေရာနှင့် ဓမ္မကထိက ဆရာများ**

မိုးကုတ် မင်္ဂလာတိုက်၊ ခန္ဒသိမ်တော်၌ ဆရာတော် ဦးတေဇိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအမ၊ အမရင်းဖြစ်သူ မမြင့်မြင့်သန်းတို့၏ ပစ္စယနုဂ္ဂဟကိုခံယူကာမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ မိုးကုတ်မင်္ဂလာတိုက် ဦးတေဇနိယ၊ ဦးဣန္ဒက၊ ဦးဝါသေဋ္ဌ စသော ဆရာများထံ၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဓမ္မကထိက (တရားဟောပညာများ)ကို ဆည်းပူး အားထုတ်ခဲ့ပါသည်။

**သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံလုံးဆိုင်ရာ ရပ်ရွာ၊ မြို့၊ တိုင်းစသော မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ(၁၈၈)ကျော်တို့၌ ကမ္မဋ္ဌာနစရိယတာဝန်များကို ဆောင်ရွက်ခြင်း၊ တရားပြခြင်း၊ တရားဟောခြင်းများ ပြုလုပ်လျက် ရှိပါသည်။

ယခုအခါ ဆရာတော်သည် စင်ကာပူနိုင်ငံ ဇယမင်္ဂလာဗုဒ္ဓဝိဟာရ (Clementi ကျောင်း) တွင် တရားဓမ္မများကို သင်ကြားပို့ချကာ သီတင်းသုံးလျှက် ရှိပါသည်။


**Jayamangala Buddhist Vihara (Clementi ကျောင်း)**

23A & 25A  Jalan Mas Puteh

West Coast Road, Clementi

Tel:  81230769, 67781678

http://www.anantametta.org/